# ဖီလာဒယ်ဖီးယားကျောင်းခရိုင်
# ဖရန်စစ် စကော့ ကီး (Francis Scott Key) မူလတန်းကျောင်း
# ၂၂၃၀ တောင်ပိုင်း ၈ လမ်း
# ဖီလာဒယ်ဖီးယား၊ ပီအေ ၁၉၁၄၈

**တယ်လီဖုန်း (၂၁၅) ၉၅၂-၆၂၁၆** **ဖက်စ် (၂၁၅) ၉၅၂-၈၅၀၅**

ဩဂုတ် ၂၀၁၃

သို့ မိဘများနှင့် အုပ်ထိန်းသူများ

ဖရန်စစ် စကော့ ကီး (Francis Scott Key) မူလတန်းကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အတွက် ကျောင်းအုပ်အသစ်ခန့်အပ်လိုက်ကြောင်း မိတ်ဆက်ရန်အလို့ငှာ ဤ အကြောင်းကြား စာအား ဂုဏ်ယူစွာနှင့် ရေးသားအပ်ပါသည်။ ကျွန်ုပ်သည် ကေ-၁၂ အဆင့်များအတွင်း ဘာသာစကားနှစ်မျိုးပြောနှင့် ရှေးဦး ကလေးငယ်ဘဝ ဖွံ့ဖြိုးမှုဆိုင်ရာ အင်္ဂလိပ်စာသင်ကြားမှုတွင် အဓိကထားသည့် ပညာရေးဆိုင်ရာ အတွေ့ အကြုံများကို ဆယ့်ငါးနှစ်ကျော် ရရှိခဲ့ ပါသည်။ ကျွန်ုပ်၏လတ်တလော စီမံခန့်ခွဲမှုနှင့်ဆိုင်သော အတွေ့ အကြုံသည် Philly (ဖီလီ) မြောက်ပိုင်းရှိ ကေ-၈ အဆင့်၊ မောရစ်ဆင်မူလတန်းကျောင်းအုပ်အဖြစ် သုံးနှစ် ကြာ ဦးဆောင် ခဲ့သည့် အတွေ့အကြုံက ပုံဖော်ခဲ့ပါသည်။ တက္ကဆက်ပြည်နယ်ရှိ ပညာရေးစနစ်အတွင်း ၁၁ နှစ်ကြာ မြင့်ပြီးနောက် ကျောင်းခရိုင်ဖဟိုရုံးရှိ အမျိုးမျိုးသောဘာသာစကားပြောဌာနအတွက် အလုပ် လုပ်ခဲ့ပြီး ဖီလာဒယ်ဖီးယားတွင် ကျောင်းအုပ်အဖြစ် ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည်။ သင့်ကလေးတစ်ဦးချင်းစီ၏ အောင်မြင်မှုအတွက် သေချာစေရန်အလို့ငှာ သင်နှင့်အတူ ပညာရေးဆိုင်ရာလုပ်ဖော်ကိုင်ဖက်အဖြစ် အလုပ်လုပ်ပြီး သင့် သား/သမီးတို့၏ ကျောင်းတွင်း ပညာရေးဆိုင်ရာခေါင်းဆောင်တစ်ယောက်အဖြစ် ကျွန်ုပ်၏ကျွမ်းကျင်မှု များကို အသုံးချရန် စိတ်အားထက်သန်လျက်ရှိသည်။

ကျွန်ုပ်တို့၏ဝန်ထမ်းများနှင့်အတူ မိဘများ၊ ကျောင်းသူ/ကျောင်းသားများ၊ ဝန်ထမ်းများနှင့် လူမှုအဖွဲ့အစည်း လုပ်ဖော်ဆောင်ဖက်များအတွင်း ခိုင်မာသောဆက်ဆံမှုကိုတည်ဆောက်ခြင်းဖြင့် အောင်မြင်မှုဆက်လက်တည်တံ့ရန် ကျွန်ုပ်ကြိုးပမ်းအားထုတ်မည်။ ကျွန်ုပ်တို့သည် ပညာရေး ဆိုင်ရာ အရည်အသွေးမြင့် လမ်းစထွင်မှုများအပေါ် အာရုံစိုက်လျက် ၂၁ ရာစုကျွမ်းကျင်မှုများ၊ ကလေးများအားလုံးအတွက် ဘေးကင်းလုံခြုံ၍ သွန်သင်ပို့ပြင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရန်၊ ညွှန်ကြားမှုများကို အကြောင်းကြားရန် အချက်အလက်အသုံးပြုခြင်း၊ အများ နည်းတူ အဓိကပြည်နယ်စံနှုန်း၏ အောင်မြင်မှုကိုအထောက်အပံ့ဖြစ်စေမည့်၊ ထိရောက်သည့် လမ်းညွှန်မှုဆိုင်ရာဗျူဟာများဖြင့် ကိုက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စိတ်လှုပ်ရှားဖွယ်ရာနှင့် စိန်ခေါ်မှုဖြင့်ပြည့်နှက်နေသည့် ပတ်ဝန်းကျင်အဖြစ် စီစဉ်ပေးနိုင်ရန် ကျွန်ုပ်တို့ အာရုံစိုက်မည်ဖြစ်သည်။

ဖရန်စစ် စကော့ ကီး (Francis Scott Key) မူလတန်းကျောင်းတွင် သင့်ကလေးငယ်၏ ပညာရေး၊ လူမှုရေး နှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများတွင် ကျွန်ုပ်အဖွဲ့နှင့် ထောက်ပံ့ပေးခြင်းဖြင့် အောင်မြင်သော နှစ်တစ်နှစ်ဖြစ်စေ ရန် ကျွန်ုပ်မျှော်လင့်သည်။

ပညာသင်နှစ်အတွင်း Key ၏ ကျောင်းသူ/ကျောင်းသားများအား ၂၁ ရာစု၏ စိန်ခေါ်မှုများကို ကျွန်ုပ် တို့ကျောင်းတွင် ဖန်တီးမည့် ကျစ်လစ်သည့်အခြေခံပညာဖြင့် ကျွမ်းကျင်စွာ ရင်ဆိုင်နိုင်ရန် နိုင်ငံ တကာအဆင့်ရှိ နိုင်ငံသားများအဖြစ် ပြင်ဆင်ပေးပြီး အကောင်းဆုံးဖြစ်နိုင်ခြေရှိသည့် အခွင့်အလမ်း များကို စီစဉ်ပေးရန် ကျွန်ုပ်တို့ အတူတကွ အလုပ်လုပ်ကြမည်။ ကျောင်းအုပ်တစ်ဦးအဖြစ် ကျွန်ုပ်၏ တံခါးများကို အစဉ်အမြဲဖွင့် လှစ်ထားမည်ဖြစ်ပြီး သင့် ဖြည့်စွက်ချက်များကို ကြိုဆိုနေမည်ဖြစ်သည်။ အကောင်းဆုံးနှစ်တစ်နှစ်ဖြစ်ရန် အကူအညီဖြစ်စေမည့် စိုးရိမ်ပူပန်မှုများ၊ အကြံဉာဏ်များ သို့တည်း မဟုတ် စိတ်ကူးစိတ်သန်းများကို ဆွေးနွေးရန်အတွက် ချိန်းဆိုမှုပြုလုပ်ရန် စိတ်လွတ်လပ်စွာ လာရောက်နိုင်ပြီး သို့မဟုတ် ဖုန်းခေါ်ဆိုမှု ကျေးဇူးပြု၍ ပြုလုပ်ပါ။

သတိပေးချက်အနေဖြင့် အဆင့် ၁-၆ ကျောင်းသူ/ကျောင်းသားများအတွက် ကျောင်းစတက် မည့်နေ့သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် (တနင်္လာနေ့) ဖြစ်သည်။ မူလတန်းကျောင်း သူ/ကျောင်းသားများ အတွက် ကျောင်းစတက်မည့်နေ့သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (တနင်္လာနေ့) ဖြစ်သည်။ သင်၊ သင့်ကလေးတို့နှင့် အလုပ်လုပ်ရန် ကျွန်ုပ်မျှော်လင့်နေမည်။

ပူးပေါင်းဆောင်ရွက်လျက်

**မစ္စ စတက်ဖ်နီ စတိုဗာ (*Ms. Stephanie Stover*)**